# စာနာမှုနဲ့ အတူ ၊ ကြင်နာမှုနဲ့ အမျှ



တေးရေး–ရယ်ဂျီရဲ့ **ကမ်းလင်မယ့် လက်များ** ဆိုတဲ့ မြန်မာပြည်က နာမည်ကြီးအဆိုတော်တွေ စုပေါင်းသီဆိုထားတဲ့ သီချင်းကို ကြည့်ဖြစ်တယ်။ နာဂစ်ဒဏ်သင့်သူတွေ ရန်ပုံငွေအတွက်ဆိုတော့ ဘယ်လိုအစီအစဉ်တွေများ ပါဝင်လေမလဲဆိုပြီး၊ စိတ်ဝင်စားစွာနဲ့ပါ။ နာဂစ်မုန်တိုင်းဒဏ်သင့်သူတွေအတွက် နှလုံးသားကကျလာတဲ့ အကြင်နာ မေတ္တာ ကရုဏာတရားတွေနဲ့ နက်ရှိုင်းစွာခံစားပြီး သီဆိုထားကြတာ ၊ ဂုဏ်ယူ လေးစားစရာပါ။ လူသားစိတ်ခါတ်ဆိုတာ ဒါပဲပေါ့။ ဆင်းရဲဒုက္ခရောက်နေသူတွေရဲ့ ဆင်းရဲကို မျှဝေခံစားပြီး တတ်အားသမျှ ကူညီတတ်မှုဟာ ဘဝရဲ့ အလှတရားပဲလေ။

သူတို့နောက် စီးမျောလိုက်ပါနား ဆင်ခံစားရင်း တခုခု ပြောချင်လာတယ်။ ဒါကြောင့်ဒီစာကို ရေးဖြစ်တာ။ **ကမ်းလင့်မယ့် လက်များ** ကိုကြည့်ပြီးမှ ဒီစာကိုဖတ်ရင် ပိုနားလည်ခံစားနိုင်မှာပါ။ (မကြည့်ဖြစ် မကြည့်နိုင်သေးသူတွေအတွက် သီချင်းစာသားကို အရောင်ကွဲနဲ့ ရေးထားပါတယ်) မျှဝေခံစားကြည့်ပါဦး။

## ပြဇာတ်တစ်ပုဒ်လို ခဏအချိန်လေးအတွင်းမှာ
## ငါတို့ရဲ့ဘဝတွေ အဆုံးတိုင် ပျောက်ကွယ်ပြီလား...

ဘဝဆိုတာ ဇာတ်ပွဲပမာ–ဆိုတာကို ငယ်ငယ်ကတည်းက အဖွားဆီက ကြားဖူးနေခဲ့တာ။ သိပ်ပြီး နားမလည်လှဘူး။ ပိဋကစာပေတွေဖတ်ရတော့ သာသနာမှာ ထင်ရှားတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်အလောင်း သူငယ်ချင်းနှစ်ယောက် ပွဲကြည့်နေရင်း ဘဝကိုဇာတ်ပွဲနဲ့ နှိုင်းယှဉ်ပြီး သံဝေဂတွေ ပွားခဲ့ကြတာကို ဖတ်ရပြန်တယ်။ ရေးရေးလေး ပိုမိုသဘောပေါက်လာတယ်။ ဒါပေမယ့် သိပ်ပြီး နက်နက်ရှိုင်းရှိုင်း မရှိလှခဲ့ဘူး။ ကိုယ်နဲ့ဆိုင်တဲ့ အရာလို့လည်း မထင်ခဲ့ဘူး။ ဒါက ဟိုရှေးတုံးက ဖြစ်ခဲ့တာ။ နောက်ပြီးစာထဲမှာ။ ကိုယ်နဲ့က အဝေးကြီးလို့ မှတ်ထင်ခဲ့တာ။ ဝေးတယ်ထင်တော့လည်း သွေးအေးတာပေါ့။

ပွဲကရာမှာ သရုပ်ဆောင်တွေနဲ့အတူလိုက်ပြီး လွမ်းစရာဆို လွမ်းလိုက်ကြ၊ ပျော်စရာဆိုပြန်တော့ ပျော်လိုက်ကြ။ အလွမ်းအသောလေးတွေနဲ့ ဘဝအမောတွေဖြေရင်း အလှရသကို ရှာဖွေတတ်တာ လူ့ဘဝ မဟုတ်လား။ ပွဲကြည့်ပြီး ရခဲ့တဲ့ ရသမှာ သနားစရာ ကရုဏာရသလည်း ဖြစ်လျှင်ဖြစ်မယ်၊ ပျော်ရွှင်စရာ ဟာသရသလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ စက်ဆုတ်စရာ၊ အံ့ဩစရာ၊ နာကျင်ကြေကွဲစရာ စတဲ့စတဲ့ ရသတွေထဲက တစ်မျိုးမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်မှာပါ။

ဘာပဲဖြစ်ဖြစ် ဇာတ်ပွဲဆိုတာက အတုပြုလုပ်ထားတဲ့အရာတွေမို့ အစစ်မဟုတ်ဘူးလေ။ ဒီတော့ ဘယ်ရသကို ခံစားရခံစားရ။ အတုပြုချက်ကို အခြေခံပြီး ရလာတဲ့ ရသက အစစ်ကို အရင်းတည်လို့ရလာတဲ့ တကယ့်ရသမှန်လိုတော့ ဘယ်မှာ တာရှည်ခံနိုင်ပါ့မလဲ။ ခုတော့ နာဂစ်က ကိုယ့်အခန်းပေါက်ကို လာခေါက်ခဲ့ပြီ။ နောက်ပြီး ဒါက ကိုယ့်မျက်စိရှေ့မှာပဲမြင်နေရတဲ့ တကယ့်အဖြစ်အပျက်။ ကိုယ်နဲ့အဝေးကြီးမှာ၊ စာထဲမှာဆိုပြီး ဆင်ခြေပေးနေလို့ မရ။ ရင်ဝကို လာရောက်ထိမှန်တဲ့ရသ။ သွေးနီးတော့လည်း တွေးကြည့်ရတာကပင် နာကျင်လွန်းလှစွာ။ အတုမဟုတ်တဲ့ ရသစစ်စစ်မို့ နောင်နှစ်ပါင်းများစွာ နှလုံးသားမှာ စွဲထင်ကျန်နေဦးတော့မှာ။

နာဂစ်မုန်တိုင်းဒဏ်သင့်သူတွေရဲ့ အဖြစ်အပျက်ကတော့ ပြဇာတ်တစ်ပုဒ်လို ခဏအချိန်အလေးအတွင်းမှာ ပျောက်ကွယ်သွားတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် နာဂစ်ရဲ့ ဒဏ်ချက်တွေ၊ နာဂစ်ကြောင့်ရခဲ့တဲ့ ခါးသီးဆိုးရွားတဲ့ ရသတွေကတော့

ဘယ်မှာ ခဏနဲ့ပျောက်ကွယ်သွားနိုင်ပါ့မလဲ။ ပျောက်ကွယ်သွားအောင်လည်း ပြုလုပ်ပေးနိုင်ပါ့မလဲ။ ဒဏ်ချက်တွေက နောင်နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာရဲ့ နှလုံးသားထဲမှာ၊ စွဲမြဲစွာ ထင်ကျန်နေရစ်ဦးတော့မှာပါ။

## ကြိုးစားပြီး (အို) ဆောက်တည်ခဲ့သမျှဟာ
## အခုတော့ နံဘေးမှာ ဖိတ်စဉ်ကြွေကျ...

အပြုခက် အပျက်လွယ်။ ဒါက လောကနိယာမပဲဟာ။ ချွေးတွေ သွေးတွေ၊ အချိန်တွေနဲ့ရင်းပြီး တည်ဆောက်ထားရတဲ့ မိသားစုဘဝတွေ။ ခုတော့ နာဂစ်ရဲ့အောက်မှာ ပြားပြားမှောက်ရုံမျှမက တစ်စစီ ဖိတ်စဉ်ကာ ကြွေကျခဲ့ရပြီပေါ့။ လင်သေ၊ ဇနီးပျောက်၊ မိမဲ့ ဖကွာ၊ သားမဲ့ သမီးပြန်ရှာလို့ မရနိုင်တဲ့သူတွေက အမြောက်အများ။ ထောင်သောင်းမက၊ သိန်းသန်းကုဋေ။ ဖိတ်စဉ်တဲ့အရာက ပြန်ကောက်လို့ ရနိုင်တာလည်းရှိ၊ ပြန်ကောက်လို့ မရနိုင်တာလည်းရှိ။ ကျိုးပျက်သွားတဲ့အရာတွေလည်း နည်းတူပဲပေါ့။ ပြန်လည်ဆက်စပ် ရနိုင်တာလည်းရှိ၊ မရနိုင်တာလည်း ရှိ။ နာဂစ် ခြေဖျက်လို့ ဖိတ်စဉ်ကြွေကျကြေပျက်ရတဲ့ ဘဝတွေက ပြန်ကောက်လို့၊ ပြန်လည်ဆက်စပ်လို့ ရနိုင်တဲ့အရာမျိုးမှ မဟုတ်တာ။ ဘယ်မှာလာ ပကတိအတိုင်းတော့ ဖြစ်လာနိုင်ပါတော့မလဲ။ တစစီ၊ တဘစီ၊ ကွေ့ကွင်းကာ ကြေမွ၊ ကြွေကျ ပျက်စီးသွားခဲ့ပြီ။

## ရေပြင်ကြီးရဲ့ ရက်စက်မှုမှာ အရာရာ အသစ်သစ်က စရမလား၊
## ပိုင်ဆိုင်ခဲ့သမျှ ငါတို့ဘဝဟာ မတည်မြဲခြင်း တရားတဲ့လား၊

ရေ ၊မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ။ ရန်သူငါးပါးဆိုပြီး ပြောရိုးစဉ်လာရှိခဲ့တာ။ ကိုယ့်ပတ်ဝန်းကျင်ရှိနိုင်ငံတွေ ရေဘေးလေဘေးတွေ အခါခါနှိပ်စက်တော့ ကြားသိမြင်နေရပေမယ့် ကိုယ်နဲ့ ဝေးနေလို့ ဒီဘေးတွေ ဒီလောက်ဆိုးမှန်း လက်တွေ့ နားမလည်နိုင်ခဲ့။ ဆိုးရွားလွန်းတဲ့ မီးစတဲ့ ဘေးမျိုးတွေနဲ့သာ အမြဲတမ်းကြုံနေရလို့ ရေဘေး လေဘေးတွေရဲ့ ဆိုးရွားမှုကို နားမလည်နိုင်ခဲ့တာလည်း ဖြစ်မပေါ့။ ခုတော့ ဒီရေနဲ့ လေဘေးဆိုးတွေက ကိုယ့်အိမ်တံခါးပေါက်ကို ကြမ်းတမ်းတဲ့ လက်သရမ်းနဲ့ အသံပြင်းပြင်း ခေါက်လာခဲ့ပြီ။ ဘာဆိုဘာမှ မကျန်ရစ်တဲ့ဘဝတွေကို သုညနဲ့စကြရတော့မယ်။ ဆိုးရွားရက်စက်တဲ့ ကံကြမ္မာတရား။ ဒါဟာ ကံတရားရဲ့ ရောင်ပြန်ဟပ်မှုတဲ့လား။ မတရားလိုက်တာ။

## ဆုံးရှုံးခဲ့ပြီ လူ့အသက်ပေါင်းများစွာ
## မိသားစုများစွာ ကြိတ်ကာ ရှိုက်ငိုသံများ

လူ့အသက်ဆိုတာ တန်ဖိုးကြီးတဲ့အရာပဲ မဟုတ်လား။ ဘယ်အရာနဲ့မှ အစားထိုးလို့လည်း မရနိုင်တဲ့အရာမျိုးပါ။ သို့ပေမယ့် အမိုက်မှောင်တွေ ဖုံးလွှမ်းလာတဲ့အခါမျိုးမှာတော့ တန်ဖိုးမဲ့အရာတွေအတွက် တန်ဖိုးရှိတဲ့ လူ့အသက်ပေါင်းများစွာနဲ့ စတေးတတ်ကြပြန်တယ်။ ကပိလနဲ့ ကောလိယ ရောဟိနီမြစ်ရေအတွက် စစ်ခင်းဖို့ပြင်ကြတော့ ဘုရားရှင် မိန့်ခြွေတဲ့စကား ရှိခဲ့တယ်။ ဘာမှတန်ဖိုးမရှိတဲ့ ရေအတွက် တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ သင်တို့အသက်တွေကို စတေးပစ်ကြမလား–တဲ့။ ခုလဲ တန်ဖိုးမဲ့ ရေလေတွေက တန်ဖိုးဖြတ်လို့မရနိုင်တဲ့ အသက်ပေါင်းများစွာကို ဆွဲငင်ထုတ်ယူလို့သွားခဲ့ပြီ။ ဒီအထဲ တန်ဖိုးမရှိတဲ့ ကိုယ့်အတ္တတွေ၊ မာနတွေအတွက် ဘာကြောင့်များ တန်ဖိုးရှိတဲ့အသက်တွေ လွှင့်ကြွေပျက်စီးမှာမျိုးကို ဆက်လက်ဖြစ်စေသင့်မှာလဲ။ မဆိုင်သလို ကြောင့်ကြမဲ့ ကြည့်နေသင့်ပါ့မလဲ။ ကြေမွပျက်စီးသွားတဲ့ မိသားစုတွေရဲ့ ငိုရှိုက်သံတွေကို စာနာတဲ့နှလုံးသားနဲ့ မျှဝေခံစား မပေးနိုင်ရတာလဲ။ ငိုနေတယ်၊ သူတို့ ငိုနေကြပါတယ်။ အရာရာပျောက်ဆုံးသွားသူတွေရဲ့ အနာကျင်ဆုံး ရှိုက်သံတွေကို စာနာစွာ နားထောင်ပေးဖို့ မသင့်ပါလား။

## နှလုံးသားထဲမှာ ပွင့်ဝေဆဲမေတ္တာ
## ပေးဆပ်ဖို့ရာ လက်ခံမယ့်သူ ရှိမလား

တို့တွေဆီမှာ ဝေမျှတ်နေတဲ့ နှလုံးသားများကို ဖြည့်စွမ်းပေးနိုင်မယ့် အာဟာရတွေ၊ ကွဲကြေဒဏ်ရာသင့် လူသားများစွာရဲ့ ဒဏ်ချက်တွေကို ဖြေလျှော့ပေးနိုင်မည့် ဆေးဝါးတွေ သင့်ဆီမှာရော ငါ့ဆီမှာပါ အများကြီးပါ။ တို့တွေရဲ့ ကုစားမှုဟာ ဒဏ်ရာအားလုံး ပြေပျောက်စေနိုင်တဲ့အထိတော့ မဟုတ်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ်၊ တို့အားလုံးရဲ့ နွေးထွေးတဲ့ ကူညီမှုတွေဟာ ဒဏ်သင့်နေတဲ့ သူတို့တွေအတွက် အနည်းဆုံး ဖြေသိမ့်ရာလေးတစ်ခုတော့ ဖြစ်စေမှာပါ။ သင့်မှာရော ဘာများလုပ်ပေးဖို့ အစီ

အစဉ် ရှိပါသလဲ။ ဘာများကော လုပ်ပေးနိုင်ခဲ့ပါပြီလဲ။ လုပ်ပေးဖို့အခွင့်ရှိပါလျက်၊ လုပ်နိုင်ဖို့ခွန်အားရှိပါလျက်ကယ်နဲ့ ဘာမှ လုပ်ဆောင်မပေးပဲ လစ်ဟင်းပျက်ကွက်ခဲ့မယ်ဆိုလျင်တော့ ရှက်ဖွယ်လိလိဖြစ်တော့မယ်ပေါ့။

ကြင်သူမိဘ သားသမီးများစွာ
ပြန်ဆုံစည်းခွင့် ရနိုင်ပါ့မလား၊

ခွဲခွါသွားသူတွေက ဟိုး အဝေးကြီးဆီကို ထွက်ခွါသွားကြပြီ။ လက်ပြနှုတ်ဆက်ဖို့ပင် အချိန်မရှိခဲ့။ အချင်းချင်းတွေ ကြား ခြားသွားတဲ့ ကွာလှန်းမှုက ပင်လယ်ပြင်ကြီး မက။ သမုဒ္ဒရာလောက်လည်း မက။ ကောင်းကင်ပြင်ကြီးလောက်လည်း မက။ အလှန်းကွာလွန်းလှသပ့်။ တကယ်တော့ ခြားနားသွားမှုက ဘဝတွေလေ။ ပြန်လည်ဆုံစည်းနိုင်ဖို့ဆိုတာက အခွင့်အလမ်း နည်းလွန်းလှစွာ။ သံသရာတစ်ကွေ့တစ်ထောင့်မှာ သားလေးဘယ်မှာလဲလို့ လှည့်လည်ပြီး သားပျောက်ရှာနေမယ့် မိခင်တစ်ဦး ဦးများ ရှိနေခဲ့မယ်ဆိုလျင်ဖြင့် မိခင်ခမျာ အလွန်ပင်ပန်းဆင်းရဲနေမှာ။ သားလေးကလည်း မိခင်ပျောက်ကို ရှာနေပါပြီတဲ့။ ချာချာ လည်မောပမ်းနေမယ့် သူ့ခမျာ သောက်စရာ ရေတစ်ပေါက်မျှ ရှိပါစ။ အားပေးပါ။ ထွေးမပါ။ သူတို့တွေ သက်သက်သာသာ နားပါစေလား။ နောက်ကြိုးကြောင့်ကြ ဗျာပါဒတွေ ကင်းဝေး၊ ချမ်းမြလို့ အေးငြိမ်းပါစေသား။

အန္တရာယ် ရေပြင်ကျယ်ကြီးထဲမှာ
အချစ်နဲ့ ဘဝတွေ အဆုံးတိုင် ပျက်စီးသွား၊
ပြန်လည်အစားထိုးရနိုင်ပါ့မလား
ပြန်လည်အစားထိုးရနိုင်ပါ့မလား

အရာရာ ပျက်စီဆုံးရှုံးသွားရတဲ့ဘဝ။ ရေသံကြားတိုင်း လန့်ရမယ့် ဘဝ။ လေသံကြားတိုင်း ထိတ်ရတော့မယ့် ဘဝ။ ကြေမွသွားတဲ့ဘဝတွေအတွက် ဘယ်အရာနဲ့မှ အစားထိုးလို့ ရနိုင်တော့မယ် မဟုတ်တော့ပါဘူး။

ပျော်ရွှင်စရာ မိသားစု ကမ္ဘာလေးများစွာ
ဆုံးရှုံးပျောက်ကွယ်ချိန်မှာ နှစ်သိမ့်မှုကို ငါတို့ပေးနိုင်မလား၊
စာနာမှုနဲ့ ဖေးကူမလား
ဒီမြေပေါ် အတူကြီးပြင်း တို့သွေးရင်းပါ၊
လက်တွဲ ခုအချိန်မှာ လက်ကမ်းလို့ကူပါ၊
အကြင်နာတွေနဲ့ ဖေးကူပါ။

တို့တွေအနေနဲ့ လူတိုင်းကိုတော့ ကူညီနိုင်မှာ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် လူတိုင်းလူတိုင်းဟာဖြင့် တစ်စုံတစ်ဦးဦးကို ကူညီနိုင်တဲ့စွမ်းရည်ရှိကြပါတယ် (Dr. Loretta Scott)

There is no place like home. ကိုယ့်အိမ်နဲ့ အလားတူတဲ့နေရာ ဘယ်မှာမှ မရှိနိုင်ဘူး–တဲ့။ ပြောကြတယ်။ လုံခြုံမှု၊ အေးချမ်းမှု၊ ပျော်ရွှင်မှုတွေ အပေးနိုင်ဆုံးနေရာ။ အားငယ်စိတ်တွေဝင်လာတိုင်း ခွန်အားသစ်တွေပေးတတ်၊ ပူပင်စရာ ကြုံလာတိုင်း ငြိမ်းချမ်းမှုကိုဖြစ်စေ၊ စိုးထိတ်ကြောက်ရွံ့မှုတွေဖြစ်ရတိုင်း လုံခြုံမှုကို ပေးတတ်၊ မကျေနပ်မှုတွေရှိလာတိုင်း နှစ်သိမ့်မှုကို ပေးတတ်တဲ့နေရာ။ မောပမ်းနွမ်းနယ်မှုတွေကြုံလာတိုင်း အပန်းပြေမှု ဖြစ်စေတတ်တဲ့နေရာ။ အဖေရှိတဲ့နေရာ။ အမေရှိတဲ့နေရာ။ ညီအကို မောင်နှမတွေနေတဲ့နေရာ။ သားငယ်သမီးငယ်တွေရှိတဲ့နေရာ။ ကိုယ့်အိမ်ကုယ့်ရာ ကိုယ့်ဂေဟာ။ ဒီနေရာမှာ။ ခုတော့ မိဘ မရှိမဲ့နေတဲ့ သမီးနဲ့ သား။ သားသမီးမရှိတဲ့ အဖေ၊ အမေတွေ။ ညီအကိုမောင်နှမ ညွှန်ပြစရာ မရှိတဲ့သူတွေနေတဲ့ နေရာ ဖြစ်နေရတယ်။ အိမ်ဆိုတာ မရှိတော့တဲ့နေရာ။ ရွာဆိုတာ မကျန်တော့တဲ့နေရာ။ ဒီနေရာမှာ ကြောက်ရွံ့အားငယ်စွာ ကျန်ရစ်နေရှာတဲ့ လူသားတွေအတွက် ကြင်နာမှုများနဲ့ ဖေးမကူညီဖို့ရာ ဒီအချိန်ဟာ အလိုအပ်ဆုံးနဲ့ အကောင်းဆုံး အချိန် အခါပါ။ ။

ဥာဏ်ဦးမောင်